ပရောဖက်ပြုချက်များကို အနက်ဖွင့်ခြင်း



Lesson 8 for November 21, 2026

“ထိုအခါ မောရှေ၏ကျမ်းစာမှစ၍ ပရောဖက်တို့၏ ကျမ်းစာများ၌ ကိုယ်တော်ကိုရည်မှတ်၍ ရေးထားသမျှသော ကျမ်းစာချက်အနက်ကို ရှင်းလင်းစွာ ဖော်ပြတော်မူ၏”

(လုကာ ၂၄း၂၇)



ဧမောက်မြို့သို့သွားရာလမ်းတွင် ယေရှသည် တပည့်တော်နှစ်ပါးကို ကျမ်းစာသွန်သင်ရှင်းလင်းခဲ့သည်။ ယေရှသင်ကြားပေးခဲ့သည့် အကြောင်းအရာအပြည့်အစုံကို ကျွန်ုပ်တို့မသိကြရပါ။ သို့သော် သူအသုံးပြုခဲ့သောနည်းလမ်းသည် တန်ခိုးရှိလှပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏စိတ်နှလုံးကို လောင်ကျွမ်းစေခဲ့သည်။

ကျမ်းစာကို လေ့လာပြီး ၎င်း၏သတင်းစကားကို မျှဝေရာတွင် အကောင်းဆုံးနည်းလမ်းကား အဘယ်နည်း။

ဤသင်ခန်းစာတွင် သမ္မာကျမ်းစာကို မှန်ကန်ထိရောက်စွာ လေ့လာပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှန်ကန်စွာ ဝေမျှနိုင်ရန် အသုံးဝင်သော လေ့လာနည်းများကို ပြန်လည်သုံး သပ်ကြမည်။





- ပရောဖက်ပြုချက်များကို အနက်ဖွင့်ခြင်း
- သမိုင်းနောက်ခံအကြောင်းအရာ
- ယဉ်ကျေးမှုနောက်ခံအခြေအနေ
- ကျမ်းစာ၏စာပေနောက်ခံ
- စာသား၏အဓိပ္ပါယ်ကိုရှာဖွေလေ့လာခြင်း
- အကြောင်းအရာအလိုက်လေ့လာခြင်း

ကျမ်းစာကို ကျမ်းစာဖြင့် အနက်ဖွင့်ခြင်း


“ပညတ်တစ်ခုပေါ်မှာ တစ်ခု၊ တစ်ခုပေါ်မှာ တစ်ခု၊ တစ်နည်းပေါ်မှာ တစ်နည်း၊ တစ်နည်းပေါ်မှာ တစ်နည်း၊ သည်ဘက်မှာ အနည်းငယ်၊ ဟိုဘက်မှာ အနည်းငယ်ရှိပါသည်တကားဟု ဆိုကြ၏” (ဟေရာယ ၂၈း၁၀)

ကျမ်းစာကို ကျမ်းစာဖြင့်သာ အနက်ဖွင့်ရမည်။



ကျမ်းချက်ကို ၎င်း၏စာသားအရ အဓိပ္ပါယ်ဖော်ပြခြင်း

- ဥပမာ၊ ဒံယေလသည် မိမိမြင်ခဲ့သော ရူပါရုံထဲရှိ သားရဲများသည် နိုင်ငံများကို ပုံဆောင်ကြောင်း ရှင်းပြထားသည် (ဒံယေလ ၇း၃၊ ၁၇)




အခြားသောပရောဖက်၏ အနက်ဖွင့်ဖော်ပြချက်

- ယေရမိပရောဖက်ပြုခဲ့သော အနှစ် ၇၀ ၏ အနက်ကို ဧဇရက ရှင်းလင်းခဲ့သည် (ယေရမိ ၂၅း၁၁-၁၂၊ ၂ ရာဇဝင်ချုပ် ၃၆း၂၂-၂၃)



ဓမ္မသစ်ကျမ်းက ဓမ္မဟောင်းကျမ်းကို အနက်ဖွင့်ပေးသည်

- ခရစ်တော်မွေးဖွားခြင်းသည် ပရောဖက်ဟေရာယ၏အနာဂတ်တိစကားပြည့်စုံခြင်းဖြစ်သည်ဟု အနက်ဖွင့်ခဲ့သည် (မဿဲ ၁း၂၂-၂၃)




ကျမ်းစာကို ကျမ်းစာဖြင့်အနက်ဖွင့်ခြင်း



ယေရှုသည် ဓမ္မဟောင်းကျမ်းကို အနက်ဖွင့်ပြရုံသာမက၊ စာသား အဓိပ္ပာယ်ထက် ကျော်လွန်၍ စစ်မှန်သောအဓိပ္ပာယ်ကို ဖော်ထုတ်ပြသခဲ့သည်။

ဓမ္မဟောင်းကျမ်း	သင်တို့သည်ကြားဖူးကြပြီ	ဓမ္မသစ်ကျမ်း	သင်တို့အား ငါမိန့်တော်မူ၏
ထွက်မြောက် ၂၀း၁၃	လူ့အသက်ကိုမသတ်ရ	မဿဲ ၅း၂၁-၂၂	အမျက်မထွက်နှင့်၊ မည်သို့ကို မျှ မစော်ကားနှင့်
ထွက်မြောက် ၂၀း၁၄	သူ့မယားကိုမပြစ်မှားရ	မဿဲ ၅း၂၇-၂၈	မိန်းမတစ်ဦးကို ကာမစိတ်နှင့် မကြည့်နှင့်
တရားဟော ၂၄း၁	မိမိ၏မယားအား ကွာရှင်းစာပေးရမည်	မဿဲ ၅း၃၁-၃၂	အိမ်ထောရေးဖောက်ပြန်မှုဖြစ်မှသာ ကွာရှင်းနိုင်သည်
ဝတ်ပြုရာ ၁၉း၁၂	မမှန်သောသက်သေမခံရ	မဿဲ ၅း၃၃-၃၇	မည်သည့်အခြေအနေမျိုးတွင် မျှ ကျိန်ဆိုခြင်းမပြုရ
ဝတ်ပြုရာ ၂၄း၂၀	မျက်စိတစ်လုံးအတွက် မျက်စိတစ်လုံး	မဿဲ ၅း၃၈-၃၉	မကောင်းမှုကိုမတုံ့ပြန်နှင့်
ဝတ်ပြုရာ ၁၉း၁၈	ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်လော့	မဿဲ ၅း၄၃-၄၄	ရန်သူကိုချစ်ကြလော့



သမိုင်းနောက်ခံအကြောင်းအရာ

“ထိုမြို့၌ အသက်ငယ်သောသူငယ် မရှိရ။ အသက်မပြည့်စုံသော လူအိုလည်း မရှိရ။ အသက်တစ်ရာရှိလျက် သေသောသူကို သူငယ်ဟူ၍ မှတ်ရ၏။ အပြစ်ရှိသောသူသည် အသက်တစ်ရာရှိလျက် သေလျှင်၊ ကျိန်ခြင်းကိုခံရသောသူဟူ၍ မှတ်ရ၏” (ဟေရာယ ၆၅:၂၀)

ကမ္ဘာသစ်တွင် ကလေးများသဦးမည်လော၊ အပြစ်သားများရှိဦးမည်လော (ဟေ ၆၅:၁၇–၂၀)

ခမ္ဘသစ်ကျမ်း၏နောက်ဆုံးကာလ ပရောဖက်ပြုချက်ဖြင့် ဟေရာယ၏ပရောဖက်ပြုချက်ကို အနက်ဖွင့်လျှင် အံ့ဩြတုန်လှုပ်ဖွယ်မက ဆန့်ကျင်ဖက်ဖြစ်နေသကဲ့သို့တွေ့ရသည် (ဗျာ ၂၁း၁-၄)

ဟေရာယအနာဂတ်ကျမ်း၏ သမိုင်းနောက်ခံနှင့် ဗျာဒိတ်ကျမ်း၏ သမိုင်းနောက်ခံသည် မတူညီ ကြောင်းနားလည်ရမည်။ ဟေရာယသည် မေရိယကို လက်ခံမည့် ဣသရေလ၏ အနာဂတ်အ ကြောင်းဟောခဲ့သည်။ သို့သော် ယောဟန်ခေတ်တွင် ဣသရေလသည် မေရိယကို ငြင်းပယ်ခဲ့ ပြီဖြစ်ရာ သမိုင်းနောက်ခံလည်း ပြောင်းလဲသွားခဲ့သည်။

ဣသရေလလူမျိုးတို့သည် မေရိယကို လက်ခံခဲ့ပါက ကမ္ဘာမြေကြီးနှင့် လူသားမျိုးနွယ်၏ ရွေးနှုတ်ကယ်တင်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းသည် တဖြည်းဖြည်း စတင်လာမည်ဖြစ်သည်။ သန့်ရှင်းသူတို့သည် သစ်ပင်များကဲ့သို့ အသက်ရှည်ကြမည် (ဟေရာယ ၆၅:၂၂)၊ တိရစ္ဆာန်တို့လည်း သန့်ရှင်းသောပြည်၌ ရန်လိုကြမ်းတမ်းမှု လျော့နည်းလာ မည်ဖြစ်သည် (ဟေရာယ ၆၅:၂၅)။



နောက်ဆုံးတွင် သေလွန်သူတို့သည် ရှင်ပြန်ထမြောက်လာကြပြီး သေခြင်းတရားလည်း ပပျောက်သွားမည် (ဟေရာယ ၂၆:၁၉; ၂၅:၈)။ ဤပရောဖက်ပြုချက်၏ နောက်ဆုံးအ ပိုင်းသာ ဣသရေလလူမျိုး၏ ဆုံးဖြတ်ချက်အပေါ် မမူတည်သောကြောင့် အမှန်တကယ် ပြည့်စုံလာမည်ဖြစ်သည်။

ယဉ်ကျေးမှုနောက်ခံအခြေအနေ

“ညီအစ်ကိုအပေါင်းတို့သည် သင်တို့ကို နှုတ်ဆက်ကြ၏။ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် သန့်ရှင်းသောနမ်းခြင်းနှင့် နှုတ်ဆက်ကြလော့” (၁ ကောရိန္သု ၁၆း၂၀)

ရောမအင်ပါယာခေတ်တွင်သာမက ယနေ့ခေတ်အချို့သော လူ့အဖွဲ့အစည်းများ၌လည်း ပါးချင်းနမ်း၍ နှုတ်ဆက်ခြင်းသည် သာမန်ဓလေ့တစ်ခုဖြစ်သည်။ ထိုယဉ်ကျေးမှုအခြေအနေအရ ပေါလု၏ဆုံးမစကားသည် သင့်လျော်လှသည် (၁ ကော ၁၆:၂၀)





သို့သော် ဂျပန်ယဉ်ကျေးမှုတွင် လူအများရှေ့၌ ကိုယ်ထိလက်ရောက်ထိတွေ့ခြင်းကို ယေဘုယျအားဖြင့် ရှောင်ကြဉ်ကြသည်။ ထို့ကြောင့် ထိုသို့ပြုမူခြင်းသည် လူအများစုအတွက် အံ့သြစရာ၊ ထူးဆန်းစရာ သို့မဟုတ် စိတ်မသက်မသာဖြစ်စရာ ဖြစ်တတ်သည်။



အင်္ဂလိပ်နှုတ်ဆက်ပုံ



ထိုင်းနှုတ်ဆက်ပုံ



တိဗက်နှုတ်ဆက်ပုံ



နယူးဇီလန်နှုတ်ဆက်ပုံ


ထို့ကြောင့် ထိုယဉ်ကျေးမှုအခြေအနေတွင် ပေါလု၏အကြံပြုချက်ကို လိုက်နာခြင်းသည် လူတို့၏ငြင်းပယ်မှုကို ဖြစ်စေနိုင်သဖြင့် မိမိတို့၏ယဉ်ကျေးမှုနှင့် ကိုက်ညီအောင် ချိန်ညှိ၍ ကျင့်သုံးရမည်။



ဂျပန်နိုင်ငံမှာဖြစ်စေ၊ ကမ္ဘာ့အခြားဒေသတွေမှာဖြစ်စေ မိမိတို့၏ ယဉ်ကျေးမှုနှင့်ကိုက်ညီသော နှုတ်ဆက်ပုံဖြင့် အချင်းချင်းနှုတ်ဆက်ကာ ညီအစ်ကိုမောင်နှမချင်း ချစ်ခင်ရင်းနှီးမှုကို ဖော်ပြကြပါစို့။

ကျမ်းစာ၏ စာပေနောက်ခံ

“ကျမ်းစာလာသည်ကား၊ ကောင်းကင်တမန်တို့အား သင့်အဖို့ မှာထားတော်မူသည် ဖြစ်၍၊ သင်၏ခြေကို ကျောက်နှင့် မထိမိခိုက်စေခြင်းငှာ သူတို့သည်သင့်ကို လက်နှင့် မစောင့်ကြလိမ့်မည်ဟု လာ၏။ ထိုကြောင့် ဘုရားသခင်၏ သားတော်မှန်လျှင် ကိုယ်ကို အောက်သို့ချလိုက်တော်မူပါဟု လျှောက်လေ၏” (မဿဲ ၄:၆)




လူသိများသော ဆိုရိုးစကားတစ်ခုမှာ “ကျမ်းချက်တစ်ချက်ကို ၎င်း၏နောက်ခံအကြောင်းအရာမပါဘဲ ဖတ်ရှုလျှင် မိမိလိုရာဆွဲယူနိုင်သည်” ဟု ဆိုသည်။ တစ်နည်းအားဖြင့် ကျမ်းချက်တစ်ချက်ကို သီးခြားယူသုံးခြင်းသည် မိမိစိတ်ကြိုက် အဓိပ္ပာယ်ဖွင့်ဆိုမှုများ ဖြစ်ပေါ် စေပြီး၊ မှန်ကန်သော သမ္မာကျမ်းစာသွန်သင်ချက်နှင့် များစွာလွဲချော်သွားစေနိုင်သည်။

ကျမ်းပိုဒ်တစ်ပိုဒ်၏ စကားစပ်နောက်ခံဆိုသည်မှာ အဘယ်နည်း။



ကျမ်းပိုဒ်၏ တိုက်ရိုက်ဆက်စပ်အကြောင်းအရာ ဆိုသည်မှာ ထိုကျမ်းပိုဒ်၏ ရှေ့နှင့် နောက်ရှိ ကျမ်းပိုဒ်များကို ဆိုလိုသည်။ ပိုမိုကျယ်ပြန့်သော အကြောင်းအရာမှာ ထိုကျမ်း ပိုဒ်ပါဝင်သည့် အခန်းတစ်ခန်းလုံးဖြစ်သည်။ ထို့အပြင် ထိုကျမ်းပိုဒ်ပါဝင်သည့် ကျမ်းတစ် ကျမ်းလုံးကိုလည်း လေ့လာခြင်းဖြင့် အကြောင်းအရာကို ပိုမိုပြည့်စုံစွာနားလည်နိုင်သည်။




ဆာလံ ၉၁:၁၁-၁၂ သည် ပြင်ပအန္တရာယ်များမှ ဘုရား သခင်ကာကွယ်စောင့်ရှောက်တော်မူခြင်းအကြောင်း ဖြစ်သည်။ သို့သော် စာသား၏အကြောင်းအရာနှင့် ဆက်စပ်မှုကို လျစ်လျူရှုပြီး မပြည့်မစုံ ကိုးကားခြင်း ဖြင့် စာတန်သည် ယေရှုအား မိမိကိုယ်ကို အန္တရာယ် ထဲသို့ တမင်တကာ ခုန်ချစေရန် ဤကျမ်းချက်ကို အ ကြောင်းပြချက်အဖြစ် အသုံးချခဲ့သည် (မဿဲ ၄:၆)။

မှားယွင်းသော အယူဝါဒများနှင့် ခရစ်ယာန်မဆန်သော အကျင့်များကို ထောက်ခံရန် အချို့သူတို့သည် ကျမ်းချက်များကို အကြောင်းအရာနှင့် ခွဲထုတ်ကာ မိမိတို့အယူနှင့် ကိုက်ညီသလို အဓိပ္ပာယ်ကောက်ယူကြသည်။ ထိုသို့ဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တမင်လွဲမှားစွာ အနက်ဖွင့်ကြသည်။ အချို့ကလည်း ကျမ်းစာ၏ ပုံဆောင်စကားများနှင့် သင်္ကေတများကို မိမိတို့စိတ်ကူးအတိုင်း အဓိပ္ပာယ်ဖွင့်ပြီး၊ ကျမ်းစာကိုယ်တိုင်၏ အနက်ဖွင့်ချက်ကို လျစ်လျူရှုကာ မိမိတို့၏ အယူအဆများကို ကျမ်းစာသွန်သင်ချက်အဖြစ် တင်ပြကြသည်။

EGW (The Great Controversy, p. 521)


စာသား၏အဓိပ္ပါယ်ကိုရှာဖွေလေ့လာခြင်း

“ကိုယ်တော်က၊ ပညတ္တိကျမ်း၌ အဘယ်သို့လာသနည်း။ သင်သည်အဘယ်သို့ ဖတ်သနည်းဟု မေးတော်မူလျှင်” (လုကာ ၁၀း၂၆)



ခရစ်ယာန်တိုင်းသည် သမ္မာကျမ်းစာကို မိမိကိုယ်တိုင် နားလည်သဘောပေါက်သင့်သည်။ သမ္မာကျမ်းစာသည် ကယ်တင်ခြင်းလမ်းကို လူတိုင်းနားလည်နိုင်လောက်အောင် ရှင်းလင်းသော်လည်း၊ ပညာအရှိဆုံးသူများကိုပင် အမြဲလေ့လာဆင်ခြင်စေသည့်နက်နဲမှုရှိသည်။ သမ္မာကျမ်းစာသည် ကယ်တင်ခြင်းဆိုင်ရာ အသိပညာ၏ အဆုံးမရှိသော ဘဏ္ဍာတိုက်ဖြစ်ပြီး မည်မျှပင် လေ့လာစေကာမူ ကုန်ဆုံးသွားမည်မဟုတ်ပေ။

သို့သော် သမ္မာကျမ်းစာကို မှန်ကန်စွာ အနက်ဖွင့်ဆိုနိုင်ရန် အောက်ပါ စည်းမျဉ်းများကို လိုက်နာရမည်။



- ကျမ်းချက်၏စကားလုံးများကို နားလည်အောင်လေ့လာပါ (မူရင်းဘာသာစကား သို့မဟုတ် အခြားဘာသာပြန်ကျမ်းစာများနှင့်နှိုင်းယှဉ်လေ့လာပါ။
- ကျမ်းချက်၏နောက်ခံအကြောင်းအရာအားလုံး (သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ) ကို ထည့်စဉ်းစားပါ။
- ဆက်စပ်ကျမ်းပိုဒ်များ (ဥပမာ၊ ခရစ်ဝင်ကျမ်းများ) အကြောင်းအရာတူညီသော ကျမ်းပိုဒ်များနှင့် နှိုင်းယှဉ်လေ့လာပါ။
- နောက်ဆုံးအနေဖြင့် အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ကျမ်းစာတစ်အုပ်လုံး၏သွန်သင်ချက်နှင့်ကိုက်ညီရမည်။

အကြောင်းအရာအလိုက်လေ့လာခြင်း

"ထိုအခါ မောရှေ၏ကျမ်းစာမှစ၍ ပရောဖက်တို့၏ ကျမ်းစာများ၌ ကိုယ်တော်ကိုရည်မှတ်၍ ရေးထားသမျှသော ကျမ်းစာချက်အနက်ကို ရှင်းလင်းစွာ ဖော်ပြတော်မူ၏" (လုကာ ၂၄:၂၇)



ခရစ်ယာန်တစ်ဦးအတွက် သမ္မာကျမ်းစာလေ့လာခြင်းသည် မဖြစ်မနေလိုအပ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုဖြင့် ဘုရားသခင်၏အလိုတော်ကို ပိုမိုသိရှိနားလည်လာရမည် (ယောဟန် ၁၆:၁၃)။

ထို့အပြင်၊ ကျွန်ုပ်တို့အတွင်း၌ရှိသော မျော်လင့်ခြင်းအကြောင်းကို မေးမြန်းသူတိုင်းအား အကြောင်းပြချက်ကို ဖြေဆိုနိုင်ရန် အမြဲအသင့်ရှိနေရမည် (၁ ပေတရု ၃:၁၅)။




အကြောင်းအရာအလိုက် ကျမ်းစာလေ့လာခြင်းသည် အခြားသူများအား ကျမ်းစာသင်ပေးခြင်းနှင့် တရားဟောခြင်းတို့တွင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ထိရောက်စွာ ဝေမျှနိုင်ရန် ပြင်ဆင်ပေးသည်။



အခြားသူများထံမှလည်း သမ္မာကျမ်းစာအသိပညာကို သင်ယူနိုင်ရန် နှိမ့်ချသောစိတ်ထားရှိဖို့ အရေးကြီးသည်။

ကျမ်းစာလေ့လာမှုအကြောင်းအရာ အပြည့်အစုံကို မသိရသော်လည်း၊ ယေရှုသည် မေရှိယအဖြစ် မိမိ၏လုပ်ငန်းတော်ကို ကျမ်းစာအထောက်အထားအမျိုးမျိုးဖြင့် လူနှစ်ဦးအား ရှင်းပြသင်ကြားခဲ့ကြောင်း ကျွန်ုပ်တို့သိရသည် (လုကာ ၂၄:၂၅-၂၇)။




“ကျမ်းစာအချို့သည် အဓိပ္ပာယ်ရှင်းလင်းသော်လည်း အချို့ကို နက်နက်ရှိုင်းရှိုင်း လေ့လာရန် လိုအပ်သည်။ ကျမ်းတစ်ပိုဒ်ကို အခြားကျမ်းပိုဒ်များနှင့် နှိုင်းယှဉ်ကာ စိတ်ရှည်စွာ ဆင်ခြင်လေ့လာရမည်။ ထိုသို့ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရတနာသိုက်ကဲ့သို့ စူးစမ်းရှာဖွေသူသည် အဖိုးတန်သော သမ္မာတရားများကို တွေ့ရှိရမည်။”

EGW (Our High Calling, July 18)

နောက်ဆက်တွဲ။ အယ်လင်ဂျီဝိုက်၏ ရေးသားချက်များကို အဓိပ္ပာယ်ဖော်ခြင်း

Ellen G. White ၏ စာပေများကို လေ့လာရာတွင်လည်း သမ္မာကျမ်းစာကို လေ့လာသည့် နည်းလမ်းအတိုင်း လိုက်နာရမည်။




“စက်ဘီး၊ အဝတ်အစားနှင့် မလိုအပ်သောပစ္စည်းများအတွက် သုံးစွဲသောငွေကို စာရင်းရှင်းရမည်” (TM 398) ဟူသောစကားကို ထိုခေတ်ကာလအခြေအနေအရ နားလည်ရမည်။ အကြောင်းမှာ ၁၈၉၀ ခုနှစ်တွင် စက်ဘီးတစ်စီး၏တန်ဖိုးသည် လပေါင်းများစွာစာ လုပ်ခနှင့်ညီမျှသောကြောင့်ဖြစ်သည်။



EGW WRITINGS®
WHITEESTATE.ORG | ELLENWHITE.ORG

Ellen White ၏ စာပိုဒ်များကို မူရင်းအကြောင်းအရာနှင့် ခွဲထုတ်ဖတ်ပါက သူမ မဆိုလိုခဲ့သော အဓိပ္ပာယ်ကို လွဲမှားစေနိုင်သကဲ့သို့၊ သူမယုံကြည်သွန်သင်ခဲ့သည့် အရာနှင့် ဆန့်ကျင်သော အယူဝါဒကိုလည်း ထောက်ခံသကဲ့သို့ ဖြစ်စေနိုင်သည်။

အဆုံးသတ်ချက်မချမီ အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ သူမသွန်သင်ခဲ့သမျှကို လေ့လာရမည်။ ကိုးကားချက်အနည်းငယ်ကိုသာ အခြေမခံသင့်ပါ။



တစ်ဖက်တွင်လည်း “သူမ တကယ်ပဲ ဒီလိုရေးခဲ့တာလား” ဟု မိမိကိုယ်ကို မေးမြန်းရမည်။ ကိုးကားချက်ကို မူရင်းနှင့်အမြဲစစ်ဆေးအတည်ပြုပါ (တရားဝင် website https://egwwritings.org/)